Lakeview
SCHOOL DISTRICT

Blake J. Prewitt Ed.S.
Superintendent
15 Arbor Street
Battle Creek, MI 49015

မတ်လ ၂၇၊ ၂၀၂၀

Lakeview မိဘနှင့် အုပ်ထိန်းသူများ

အားလုံးနေကောင်းပြီး ကျန်းမာစွာနေမည်ဟု မျှော်လင့်ပါသည်။ ဧပြီလ ၁၃ ရက်တွင် ကျောင်းပြန်တက်မည်ဟုမျှော်လင့်သော်လည်း အကယ်၍ရွယ်ဤထက်ပိုပြီး ကျောင်းပိတ်ပါက အစီအစဉ်စဆွဲချင်ပါသည်။ ဤအပတ်အတွက် မျှဝေချင်သော လက်ရှိသတင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**<u>အခမဲ့ အစားအစာရယူနိုင်ကြောင်း</u>**

အခမဲ့ ယူနိုင်သောအစားအစာကို ပြည်နယ်အုပ်ချုပ်ရေးမှူး၏ "Stay Home, Stay Safe" အမိန့်အောက်၌လည်း ဆက်လက်ပြီးရယူနိုင်ပါသည်။ အောက်ပါနေရာများတွင် နံနက်စာနှင့် နေ့လယ်စာများကို နွေဦးရာသီကျောင်းပိတ်ရက်အပါအဝင် နေ့စဉ်တနင်္လာနေ့မှ သောကြာနေ့အထိ ရယူနိုင်ပါသည်။

- မနက် ၁၁:၀၀ နာရီမှ နေ့လယ် ၁၂:၀၀:နာရီ၊ Lakeview အလယ်တန်းကျောင်းစက်ဝိုင်းပုံ့ကားသွားရာနေရာ (Circle Drive)
- နေ့လယ် ၁၂:၀၀ နာရီမှ ၁:၀၀ နာရီ၊ Prairieview နှင့် Riverside မူလတန်းကျောင်း၏ ကားရပ်နားနေရာ (Parking lots)
- နေ့လယ် ၁:၀၀ နာရီမှ ၂:၀၀ နာရီ၊ Minges Brook မူလတန်းကျောင်း ကားရပ်နားနေရာ (Parking lot)

**<u>ကျောင်းပြကွဒိန်သတင်းသစ်များ</u>**

ကျွန်ုပ်တို့ ကျောင်းပြက္ခဒိန်နှင့်ပတ်သက်ပြီး ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ချက်များ စောင့်ဆိုင်းနေဆဲဖြစ်သည်။

**<u>၁၂ တန်းကျောင်းသားများ၏ ပွဲလမ်းသဘင်များ</u>**

ကျောင်းဆင်းပွဲ ပွဲလမ်းသဘင်ကို အရင်ဆွဲထားသောအချိန်ဇယားအတိုင်းပြုလုပ်နိုင်ရန်မျှော်လင့်သော်လည်း မလုပ်နိုင်သည့်အခြေအနေအတွက်လည်း အခြားရွယ်ချယ်စရာများစတင်ကြည့်ရှုပါသည်။ ရက်ရွှေ့ရလျှင်လည်း ကျောင်းဆင်းပွဲ ပွဲသဘင်ကိုမရှိမဖြစ်လုပ်ပေးပါမည်။

Lakeview
SCHOOL DISTRICT

Blake J. Prewitt Ed.S.
Superintendent
15 Arbor Street
Battle Creek, MI 49015

**LHS ခရဲဒိတ်နှင့် ကျောင်းပြီးရန်လိုအပ်ချက်များ**

ပြည်နယ်ရုံး၏ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေဆဲဖြစ်သည်။ ကျောင်းသားများ၏ ခရဲဒိတ်နှင့် ကျောင်းပြီးနိုင်မှုမထိခိုက်ရန် ကျွန်ုပ်တို့ဘက်မှ လုပ်နိုင်သမျှအားလုံးလုပ်ပေးသွားပါမည်။

**ကျောင်းအဆောက်အအုံအသီးသီးနှင့် ဗဟိုရုံးဆက်သွယ်ခြင်း**

ကျောင်းအဆောက်အဦးအားလုံးနှင့် ဗဟိုရုံးပိတ်ထားပါသည်။အီးမေးလ်ဆက်သွယ်ခြင်းသည် အထိရောက်ဆုံးဖြစ်ပြီး ဖုန်းvoicemail ကိုလည်း နေ့စဉ်စစ်ဆေးပါမည်။ ကျောင်းဝန်ထမ်းများ၏ အီးမေးလ်များကို www.lakeviewspartans.org တွင် တွေ့ရှိနိုင်ပါသည်။

**အွန်လိုင်းစာသင်ခြင်းနှင့် သင်ကြားပို့ချမှုထောက်ပံ့မှု**

ဧပြီလ ၁၃ ရက်ကျော်ပြီးကျောင်းပိတ်ခဲ့ပါက ကျွန်ုပ်တို့အွန်လိုင်းသင်ကြားမှုကို မြှင့်တင်နေပါသည်။ လာမည့်နေ့များတွင် သင့်ကလေး၏ဆရာထံမှ အီးမေးလ်ရပါမည်။ အကယ်၍အီးမေးလ်မရပါက သင်၏မှန်ကန်သော အီးမေးလ်ဖြင့် သင့်ကလေး၏ဆရာကို စာပို့ပါ။ ရမည့်ခြေခံအကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ နွေဦးရာသီကျောင်းပိတ်ချိန် ဧပြီ ၆-၁၀ ရက်အတွင်း လုပ်ရမည့်ကျောင်းစာနှင့် ရုံးချိန်မရှိကြောင်း ကြိုတင်အသိပေးချင်ပါသည်။

**၇-၁၂ တန်း**

- မိဘနှင့်ကျောင်းသားများ နေ့စဉ်ဆက်သွယ်နိုင်သည့်ရုံးချိန်ကို ဆရာများက လုပ်ပေးမည်ဖြစ်သည်။
- အွန်လိုင်းကျောင်းစာကို ဆရာများကအပတ်စဉ်ပေးသွားပါမည်။ (ခရဲဒိတ်အတွက်မဟုတ်သော်လည်း ကျောင်းသားများသင်ယူမှုဆက်လက်ရှေ့တိုးနိုင်ရန်အတွက် အင်မတန်မှအရေးကြီးသောကြောင့် အွန်လိုင်းကျောင်းစာလုပ်ရန် တိုက်တွန်းပါသည်)

**သူငယ်တန်း-၆တန်း**

- မိဘနှင့်ကျောင်းသားများ နေ့စဉ်ဆက်သွယ်နိုင်သည့်ရုံးချိန်ကို ဆရာများက လုပ်ပေးမည်ဖြစ်သည်။
- ဆရာများက သင်္ချာနှင့် အင်္ဂလိပ်စာများကို အပတ်စဉ်ပေးသွားပါမည်။ (ခရဲဒိတ်အတွက်မဟုတ်သော်လည်း ကျောင်းသားများသင်ယူမှုဆက်လက်ရှေ့တိုးနိုင်ရန်အတွက် အင်မတန်မှအရေးကြီးသောကြောင့် အွန်လိုင်းကျောင်းစာလုပ်ရန် တိုက်တွန်းပါသည်)

Blake J. Prewitt Ed.S.
Superintendent
15 Arbor Street
Battle Creek, MI 49015

- အထူး/ရွေးချယ်ဆရာများကလည်း ကြွယ်ဝမှုအထောက်အကူပြုသော အရင်းမြစ်များပေးပါမည်။

ကျောင်းအုပ်ချုပ်ရေးအဖွဲ့လည်း ဤအပတ်များတွင် ကူညီရန်ရှိကြောင်း  အသိပေးလိုပါသည်။ ကွန်မျူနတီအားလုံးအနေဖြင့် ကျောင်းသားများကို ကာကွယ်ဆောင့်ရှောက်ပါမည်။

Spartan ဂုဏ်ဆောင်ရင်း

Blake J. Prewitt, Ed.S.
ကျောင်ကြီးကြပ်ရေးမှူး